**Myanmar Health Assistant Association**

**Vacancy Announcement**

**(VA- 045/2024 MHAA-HR)**

| | |
|---|---|
| **ရာထူးအမည်** | ယာဉ်မောင်း |
| **အရေအတွက်** | ၁ ဦး |
| **စီမံချက်အမည်** | “Reaching Equitable Access to health through Local-empowerment Project (REAL KSS)” |
| **ခန့်ထားမည့်ဒေသ** | ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| **အစီရင်ခံစာတင်ပြရမည့်သူ** | Project Manager |
| **အဆင့်သတ်မှတ်ချက်** | A3 |
| **လျှောက်လွှာနောက်ဆုံးရက်** | ၃ ရက်နေ့ မေလ ၂၀၂၄ ခုနှစ် |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမှီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၈၉)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ်သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံ မှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

**ယာဉ်မောင်းတစ်ဦး၏ တာဝန်ဝတ္တရားများ**

Project Manager/ Project Assistant (Shwebo) ၏ညွှန်ကြားမှုအောက်တွင် ယာဉ်မောင်းသည် အောက်ပါဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည် ဖြစ်ပါသည်။

- ❖ မော်တော်ယာဉ်အား အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်စေရန် လိုအပ်သော ဓါတ်ဆီ/ စက်ဆီ ဖြည့်ထားခြင်းရှိမရှိအား အမြဲစစ်ဆေးရမည်။
- ❖ ယာဉ်၏နည်းပညာဆိုင်ရာ အခြေအနေများ (တာယာ၊ ဆီ၊ ဘရိတ်၊ ရေဒီယို၊ စက်ပစ္စည်း၊ အပိုပစ္စည်း စသည်ဖြင့် စစ်ဆေးပြီး ပြီးပြည့်စုံသော အခြေအနေတွင် မောင်းနှင်နိုင်စေရန် သန့်ရှင်းသပ်ရပ်စွာ ထားရှိရမည်။
- ❖ မော်တော်ယာဉ်ကြံ့ခိုင်မှုနှင့်ပတ်သက်၍ ပုံမှန်စစ်ဆေးရမည်။ ပြင်ဆင်ရန်လိုအပ်ပါက အချိန်မီပြင်ဆင်ပြီး အသုံးပြုရန် အသင့်အနေအထားတွင် ရှိနေစေရမည်။
- ❖ မော်တော်ယာဉ်အား သေချာစွာထိန်းသိမ်းရမည်ဖြစ်ပြီး ပြင်ဆင်ရန်လိုအပ်ပါက ကြီးကြပ်သူထံ ချက်ချင်းသတင်းပို့ရပါမည်။
- ❖ ယာဉ်မောင်းနှင်သည့်အချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သေချာစွာလိုက်နာပြီး ဂရုစိုက်၍ မောင်းနှင်ရမည်။
- ❖ နေ့စဉ်မော်တော်ယာဉ်သုံးစွဲမှုမှတ်တမ်း log book အားစနစ်တကျထားရှိရမည်ဖြစ်ပြီး သေချာစွာ မှတ်သားထားရမည်။ မောင်းနှင်သည့်ခရီးမိုင်အကွာအဝေး mileage နှင့်ဆီသုံးစွဲမှုတို့အား မှန်ကန်စွာ ရေးမှတ်ထားရမည်။
- ❖ မော်တော်ယာဉ်သန့်ရှင်းမှုအား အမြဲအလေးထားရမည်။
- ❖ မော်တော်ယာဉ်၏ လိုင်စင်သက်တမ်းအား မောင်းနှင့်ခွင့်ပြုထားသည့် ကာလထက်ကျော်လွန်ခြင်း မရှိစေရန် ဂရုပြုရမည်။ လိုင်စင်သက်တမ်းမကုန်ခင် (၁)လအလိုတွင် တာဝန်ခံအား သတင်းပို့ရပါမည်။ ရုံးချိန်အတွင်းနှင့် ယာဉ်မောင်းနေစဉ် အရက်သောက်ခြင်း (လုံး၀) မပြုလုပ်ရပါ။
- ❖ ယာဉ်မောင်းတစ်ဦးတည်းသာ မော်တော်ယာဉ်အား မောင်းနှင်ခွင့်ပြုသည်။ အရေးပေါ်ကိစ္စရပ် များကြောင့် ယာဉ်မောင်းမဟုတ်သော အခြားဝန်ထမ်းတစ်ဦးဦးမှ မောင်းနှင်ရမည့်အခြေအနေ ဖြစ်ပေါ်လာပါက Project Manager ၏ခွင့်ပြုချက်ရယူရမည်။
- ❖ တာဝန်ချိန်ပြင်ပနှင့် လုပ်ငန်းခွင်ပြင်ပအချိန်များတွင် မော်တော်ယာဉ်အား ကိုယ်ရေးကိုယ်တာ ကိစ္စနှင့် ပတ်သက်၍ သုံးစွဲခြင်းမပြုရပါ။
- ❖ ကြီးကြပ်ရေးမှူးမှ ပေးအပ်သော အခြားသက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို လိုအပ်သလို ဆောင်ရွက်ရမည်။

**လိုအပ်သောအရည်အချင်းများ**

❖ ယာဉ်မောင်းအဖြစ် လုပ်ကိုင်ဖူးသော အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူ ဖြစ်ရမည်။
❖ သက်ဆိုင်ရာစီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
❖ မြန်မာစာ/ အင်္ဂလိပ်စာ ရေးတတ် ဖတ်တတ်ရမည်။
❖ ဒေသန္တရပထဝီဝင်နှင့် မောင်းနှင်လမ်းကြောင်းဆိုင်ရာ အသိပညာရှိရန် လိုအပ်သည်။
❖ သက်တမ်းရှိသော ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားရှိရမည်။
❖ ရိုးသားကြိုးစားပြီး တာဝန်ယူမှု တာဝန်ခံမှု ရှိရမည်။
❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) hr.recruitment@myanmarhaa.org သို့ ပေးပို့မည့် ခေါင်းစဉ်အဖြစ် “**ယာဉ်မောင်း VA-045/2024 MHAA-HR**” ဟု ရေးသား၍လည်းကောင်း (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့ လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရန် နောက်ဆုံးရက်မှာ **၃ ရက်နေ့ မေလ ၂၀၂၄ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**HR Unit**
**Myanmar Health Assistant Association (MHAA)**

**TB Hospital Road, Aung San, Insein Township, Yangon, Myanmar.**

**Phone: (+95) 9409832273,**

**Email: hr.recruitment@myanmarhaa.org**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံး ထံမှ လျှောက်လွှာများကို ကျွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောက်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။